ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

# အမိန့်ပြန်ကြားရှင်းလင်းဖွင့်ဆိုချက်

အမှတ်၊ ၂ / ၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

## ကုန်စည်ကို အကြွေး ရောင်းချမှု၊ လက်ငင်းရောင်းချမှုတို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းခြင်း နှင့် စပ်လျဉ်း၍ အမိန့်ပြန်ကြားရှင်းလင်း ဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကုန်စည်ကို အကြွေးရောင်းချမှု၊ လက်ငင်း ရောင်းချမှုတို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် အမိန့်ပြန်ကြားရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤ အမိန့်ပြန်ကြား ဖွင့်ဆို ရှင်းလင်းချက်သည် မြန်မာနိုင်ငံတွင်းရှိ ကုန်စည်ထုတ်လုပ်သူ၊ ကုန်သွယ်မှု ဆောင်ရွက်သူ၊ တင်သွင်းသူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့က ၎င်းတို့၏ ကုန်စည်ဝယ်ယူသူနှင့် ဝန်ဆောင်မှု ရယူသူ တို့ထံမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် အချိန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အမိန့်ပြန်ကြား ဖွင့်ဆို ကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ အမိန့်ပြန်ကြား ဖွင့်ဆို ရှင်းလင်းချက် ထုတ်ပြန်ချက်သည် အောက်ပါပုဂ္ဂိုလ်များ အပေါ် အကျိုး သက်ရောက် ပါသည် -

(က) မြန်မာနိုင်ငံတွင်းရှိ ကုန်စည်ထုတ်လုပ်သူ၊

(ခ) ပြည်ပမှ ကုန်စည်တင်သွင်းသူ၊

(ဂ) ကုန်သွယ်မှု ဆောင်ရွက်သူ၊

( ဃ ) ဝန်ဆောင်မှု ဆောင်ရွက်သူ။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ၁၂၊ ပုဒ်မခွဲ (က) တွင် မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရှိလျှင် လစဉ်ကျသင့်သော အခွန်ကို သက်ဆိုင်ရာ လ ကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (င) နှင့် (စ) တို့တွင် ရောင်းရငွေဆိုသည်မှာ ကုန်စည်ကို လက်ငင်းဖြစ်စေ၊ ကြွေးဖြင့်ဖြစ်စေ၊ အခြား ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားပါသည်။

**လိုက်နာ ကျင့်သုံးရန် သတ်မှတ်ချက်**

၅။ ကုန်သွယ်လုပ်ငန်းခွန်၏ ရည်ရွယ်ချက်အရ မြန်မာနိုင်ငံအတွင်းရှိ ကုန်စည်ထုတ်လုပ်သူများ၊ ကုန်သွယ်မှု ဆောင်ရွက်သူများ၊ ကုန်စည်တင်သွင်းသူများနှင့် ဝန်ဆောင်မှုဆောင်ရွက်သူများသည် ကုန်စည်များ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို လက်ငင်း စနစ် ဖြင့် ဖြစ်စေ၊ ကြွေး စနစ်ဖြင့် ဖြစ်စေ၊ ဆိုင်းငံ့ စနစ်ဖြင့် ဖြစ်စေ၊ ကြိုတင်ပေး စနစ်ဖြင့် ဖြစ်စေ ရရှိသည့် ရောင်းရငွေ သို့မဟုတ် ရငွေ အပေါ် ကျသင့် ကုန်သွယ် လုပ်ငန်းခွန် ကောက်ခံရမည်ဆိုသည်ကို သိရှိနားလည်ထားရပါမည်။ ဆိုလိုသည်မှာ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေကို ဆောလျင်စွာ ကြိုတင်ရရှိသည် ဖြစ်စေ၊ နောက်ကျမှ ရရှိသည်ဖြစ်စေ၊ ပုံမှန်အားဖြင့် အရောင်းအဝယ်ပြုသည့် အချိန် သို့မဟုတ် ဝန်ဆောင်မှု ရယူသည့် အချိန်၊ ကုန်စည်ရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှု ပြုရာတွင် နှစ်ဦးနှစ်ဖက် သဘောတူညီမှု နှင့်အညီ ပြေစာ ထုတ်ပေးသည့်အချိန်တွင် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရမည်ဖြစ်ပါသည်။

၆။ "သက်ဆိုင်ရာလ"ဟုဆိုရာတွင် ငွေပေးချေမှု ပြုလုပ်သည့် လ သို့မဟုတ် ငွေပေးချေမှု ပြုလုပ်ရန် သတ်မှတ်သည့် လ နှစ်ရပ်အနက် အစောဆုံး ဖြစ်သည့်လ ကို ဆိုလိုပါသည်။

၇။ ထို့ကြောင့် ငွေပေးချေမှုပြုလုပ်သည့်လ သို့မဟုတ် ငွေပေးချေမှု ပြုလုပ်ရန် သတ်မှတ်သည့်လ နှစ်ရပ်အနက် အစောဆုံး ဖြစ်သည့်လ လကုန်ပြီး၁၀ရက်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကုန်သွယ်လုပ်ငန်းခွန်ကို ပေးသွင်းရမည် ဖြစ်ပါသည်။

၈။ အချို့သော ဖြစ်ရပ်များတွင် ကုန်စည်ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ တင်သွင်းသူနှင့် ဝန်ဆောင်မှု ဆောင်ရွက်သူတို့သည် ကုန်စည်နှင့်ဝန်ဆောင်မှု ရယူသူတို့ထံမှ ကုန်သွယ်လုပ်ငန်းခွန် အမှန်တကယ် ကောက်ခံရရှိမှု မရှိသေးမီ ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းရခြင်းများ ရှိနိုင်ပါသည်။ ကုန်စည် ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ တင်သွင်းသူနှင့် ဝန်ဆောင်မှုဆောင်ရွက်သူ တို့သည် ကုန်စည်နှင့် ဝန်ဆောင်မှုရယူသူတို့ထံမှ ကုန်သွယ်လုပ်ငန်းခွန် အပါအဝင် ရောင်းရငွေနှင့် ဝန်ဆောင်မှုရငွေ အမှန်တကယ် ကောက်ခံ မရရှိသေးသော်လည်း အရောင်းအဝယ်နှင့် ဝန်ဆောင်မှုပြုလုပ်သည့်လ ကုန်ဆုံးပြီး၁၀ရက်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

၉။ လိုက်နာ ကျင့်သုံးရန် သတ်မှတ်ချက်များနှင့် ပိုမိုရှင်းလင်းစွာ သိရှိနိုင်ရန် အောက်ပါအတိုင်း ဥပမာ ဖြစ်စဉ်ဖြင့် ရှင်းလင်းဖော်ပြပါသည်-

(က) **ဖြစ်စဉ်။** ကုမ္ပဏီ A သည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ပြည်တွင်းအခွန်များ ဦးစီးဌာနတွင် မှတ်ပုံတင်ထား ပါသည်။ ကုမ္ပဏီ A သည် -

(၁) ၂၁-၂-၂၀၁၈ ရက်နေ့တွင် ကုမ္ပဏီ B ထံသို့ ထုပ်ပိုးကုန်ပစ္စည်း ကျပ် ၁,၀၀၀,၀၀၀ တန်ဖိုးနှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၅၀,၀၀၀ အပါအဝင်ကို ကုန်ထုတ်ပြေစာ ဖွင့်၍ ရောင်းချခဲ့ပါ သည်။

(၂) ၃၀-၄-၂၀၁၈ ရက်နေ့တွင် ကုမ္ပဏီ B ထံမှ ကျပ် ၁,၀၅၀,၀၀၀ ကို လက်ခံ ရရှိခဲ့ပါ သည်။

(၃) ၁၀-၅-၂၀၁၈ ရက်နေ့တွင် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၅၀,၀၀၀ ကို ပေးသွင်းခဲ့ပါသည်။

(ခ) **လိုက်နာ ကျင့်သုံးရန် သတ်မှတ်ချက်။** ကုမ္ပဏီ A သည် ရောင်းချသော ထုပ်ပိုးကုန်ပစ္စည်း ရောင်းရငွေ ရရှိသောလ သို့မဟုတ် ရောင်းရငွေ ရရှိရန် ပေါ်ပေါက်သောလ ထိုလ နှစ်ရပ်အနက် အစောဆုံးဖြစ်သည့်လ လကုန်ဆုံးပြီး ၁၀ရက်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ထိုရောင်းရငွေ အတွက် ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းရမည်ဖြစ်ပါသည်။ ၂၁-၂-၂၀၁၈ ရက်နေ့တွင် အရောင်းအဝယ် ပြုလုပ်သဖြင့် ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလသည် ရောင်းရငွေ ရရှိရန် ပေါ်ပေါက်သည့် သက်ဆိုင်ရာလ ဖြစ်ပါ သည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီ A သည် ကုမ္ပဏီ B ထံမှ ၂၁-၂-၂၀၁၈ ရက်နေ့တွင် ရောင်းချသော ကုန်စည်အတွက် ရောင်းရငွေ မရရှိသေးသော်လည်း ထိုလကုန်ဆုံးပြီး ၁၀ ရက် ဖြစ်သည့် ၁၀-၃-၂၀၁၈ရက်နေ့အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကုန်သွယ်လုပ်ငန်းခွန်ကျပ် ၅၀,၀၀၀ ပေးသွင်းရမည် ဖြစ်ပါသည်။

၁၀။ ဤ အမိန့်ကြော်ငြာစာ ... 

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၃)/ ဥစ ၁/ ပတဝ/ ၂၀၁၈ (၁၀၁၆၇)
ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

**ဖြန့်ဝေခြင်း**
မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံ ပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)
ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)
ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ (၂)၊ (၃)
တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး } သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေး ရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ